
ယုံချင်ယုံ မယုံချင်ယုံ ငါ မင်းကိုဖမ်းမိပြီ
ဘာသာပြန် စာရေးဆရာ - Marshmallow
(အစဉ် - ၂)
(Chapter 11 - 20)

# အပိုင်း(၁၁)

# ပို၍ဖြူဖွေးလာခြင်း

မြို့တော်တက္ကသိုလ်ရဲ့စစ်ရေးလေ့ကျင့်ရေးကို မြို့တော်၏အနောက်ခြမ်းဆင်ခြေဖုံးဒေသ၌ စစ်စခန်းကိုအသေးစိတ်ပြင်ဆင်ထားသည်။ အဲ့တာက အမျိုးသားနေ့မှာ အဆုံးသတ်မှာဖြစ်လေသည်။ ဒီကာလအတောအတွင်း၊ မင်းက ဘယ်မြို့ ဘယ်နိုင်ငံကပဲဖြစ်နေပါစေ၊ ထိပ်ဆုံးကျောင်းသားဖြစ်ဖြစ်လူဖျင်းလူညံ့ဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ်၊ အမျိုးသမီးဖြစ်ဖြစ်အရေးမကြီးဘူး၊ မင်းပါဝင်လုပ်ဆောင်ပြီး ထို့နောက်မှသာ ကျောင်းကိုပြန်သွားနိုင်လေသည်။

ဒါပေမဲ့ သိသိသာသာပဲ ချန်းယုကတော့ ခြွင်းချက်ဖြစ်လေသည်။ အဆုံးမှာတော့၊ သရဲဖမ်းဖို့လိုအပ်တဲ့ ကိုယ်ခံခွန်အားက သာမန်လူတွေမှာရှိတဲ့အရာမျိုးမဟုတ်လေဘူး။ အမျိုးသမီးတွေရဲ့သဘာဝရန်သူအနေဖြင့်၊ မြို့တော်ရဲ့နေက ချင်းမူစီရင်စုတုန်းကထက် ပို၍ကြင်နာတာကို ချန်းယုလုံးဝဂရုမစိုက်လေဘူး။

ဒါပေမဲ့ ခပ်တန်းတန်းမဖြစ်သွားလေရအောင်၊ ချန်းယူ သူမအခန်းဖော်တွေရဲ့ ဖြူဖွေးစေတဲ့ skin careလုပ်ရိုးလုပ်စဉ်ကိုလိုက်ပါလိုက်ပြီး ညတိုင်း face maskတစ်ခုအသုံးပြုလေသည်။ နေ့အချိန်မှာတော့၊ သူမ sunscreenလိမ်းဖို့မေ့သွားခဲ့ရင်တောင်မှ၊ သူမရဲ့အခြားအခန်းဖော်တော်တော်များများက သူမအတွက်အဲ့တာကိုလိမ်းပေးကြလေသည်။ ဒီတော့ တစ်လခွဲလောက်အကြာမှာတော့၊ အခန်းဖော်သုံးဦးရဲ့ လုံ့လဝီရိယရှိရှိ

ကြီးကြပ်ပေးမှုအောက်မှာ၊ ငါတို့ရဲ့နက်မှောင်တဲ့အတန်းဖော်ရှီချီက ဖြူဖွေး လာလေတော့သည်!

"အို၊ ဘုရားရေ၊ ငါတို့နေ့တိုင်းနေထဲမှာ အချိန်တော်တော်များများ ကုန်ခဲ့ရတာ။ နင်ကတော့ ဖြူဖွေးလာနေတုန်းပဲ ရှီချီ!" ဖန်ဖေဖေ ချန်းယုကို မယုံသင်္ကာစွာကြည့်လာလိုက်သည်။

"ငါအရင်တုန်းကသတိမထားမိခဲ့ဘူး။" ဟန်ယော သူမလက်ကိုဆန့် ထုတ်လိုက်ပြီး ချန်းယုရဲ့ချောမွေ့ပြီးနူးညံ့တဲ့မျက်နှာကိုထိလိုက်လေသည်။ "ရှီချီကမည်းနေပေမဲ့၊ သူမအသားအရေက ချောမွေ့ပြီးနူးညံ့တယ်။"

ကျန်းမူဝမ် ချန်းယုရဲ့ skin care ထုတ်ကုန်တွေကို လှန်လောကြည့် လိုက်တယ် : "နင်သုံးနေတဲ့ maskက ဈေးထဲကသာမန်တံဆိပ်နဲ့မတူဘူးပဲ။ ငါဘယ်မှာဝယ်လို့ရနိုင်မလဲ?"

"ငါ့အမေက အလှပြုပြင်ရေးစင်တာမှာ လက်ဆောင်ကဒ်တစ်ခုပေး လာတော့၊ ဒီmaskကို သူတို့ငါ့ကိုပေးလိုက်တာ။" ချန်းယုရှင်းပြလာလိုက် သည်။

"ဘယ်အလှပြုပြင်ရေးစင်တာလဲ အာ? ဒီmaskရဲ့ထိရောက်နိုင်စွမ်းက ဘာလို့အရမ်းကောင်းနေရတာလဲ?" ကျန်းမူဝမ် ချန်းယုရဲ့ဖြူဖွေးလာတာက ဒီmaskကြောင့်ဖြစ်ရမယ်လို့ ကောက်ချက်ချလိုက်လေသည်။

"ငါမမှတ်မိတော့ဘူး ဒါပေမဲ့ စစ်ရေးလေ့ကျင့်ရေးပြီးသွားရင် ငါနင့် ကိုလိုက်ပြပေးမယ်။" ချန်းယု masksအနည်းငယ်ကိုကောက်ယူလိုက်ပြီး သူ တို့ထံလက်လှမ်းပေးလိုက်လေသည်။ "နင်တို့အရင်ဆုံးစမ်းကြည့်ချင်ကြ လား?"

"ဒါဆို ငါတို့ယဉ်ကျေးမနေတော့ဘူး။" သူတို့ကြား masksမျှဝေတော

ဟာ မိန်းကလေးတွေအတွက် တော်တော်ကလေးသာမန်ဆန်ပါပေသည်။ လူသုံးယောက်ရက်မနေတော့ဘဲ maskကိုယူလိုက်ပြီးနောက် သူတို့ပျော်ရွှင်လာကြလေတယ်၊ အဲ့တာကိုစမ်းသုံးကြည့်ဖို့ သူတို့အိပ်ယာပေါ်လှဲလိုက်ကြလေသည်။

"စစ်ရေးလေ့ကျင့်ရေးပြီးဖို့ ရက်နည်းနည်းကျန်နေသေးတယ် အာ။ အခု ငါ့မှာ face maskရှိသွားပြီ၊ ပြီးတော့ အဲ့တာကနာတာပဲ။ ငါနေလောင်သွားတာဖြစ်ရမယ်။" maskကြောင့်၊ ဟန်ယောရဲ့အသံက အနည်းငယ်မရေမရာဖြစ်နေလေသည်။

"မကြာပါဘူး၊ တစ်ပတ်လောက်ပဲကျန်ပါတော့တယ်၊" ဖန်ဖေဖေပြန်ပြောလာလိုက်သည်။

"ကောင်မလေးတွေ၊ တောင့်ခံထားကြစို့။" ကျန်မူဝမ် အိပ်ရာထဲလှဲနေကာ၊ သူမညာဘက်လက်ကိုမြှောက်လိုက်ပြီး သူတို့ကိုအားပေးဖို့အတွက် လက်သီးဆုပ်အဖြစ်ဆုပ်လိုက်လေသည်။

အမေချန်းနဲ့ပြောနေရင်း ချန်းယုသူတို့ရဲ့စကားဝိုင်းကို နားထောင်နေလိုက်လေသည်။ အမေချန်းက သူမအခြေအနေအကြောင်းမေးဖို့နဲ့ သူမ face maskအသုံးပြုရန်သတိပေးရန်အတွက် နေ့တိုင်းချန်ယုထံစာတွေပို့လာလေသည်။

ချန်းယု အမေချန်းရဲ့စာကို ပြန်ဖြေပြီးချိန် လှုပ်ရှားမတက်ကြွတဲ့ ပင်ဂွင်းappက ရတ်တရက်စာအကြောင်းကြားစာ ဖောက်ခနဲပေါ်လာလေသည်။ ချန်းယု အဲ့တာကို သံသယဝင်လျက်ဖွင့်လိုက်တော့ အဲ့တာက မတ်လမှာမိုးတွေရွာသွန်းနေတယ် ဖြစ်နေလေသည်။

မတ်လမှာမိုးတွေရွာသွန်းနေတယ်: ညီအစ်ကို မင်းရှိနေရဲ့လား?

ငါလမ်းပြင်ချင်တယ်: ??

မတ်လမှာမိုးတွေရွာသွန်းနေတယ်: ညီအစ်ကို၊ မင်းကရှိနေတာပဲ အဟဟားဟား၊ မင်းအခုဘယ်မှာရှိနေတာလဲ????

ချန်းယု သူတို့ရဲ့အင်အားအပြည့်ချဲ့ကားပြောနေတဲ့လေသံကနေ တစ်ဖက်သူရဲ့အရေးတကြီးဖြစ်နေတာကို ခံစားလိုက်ရတော့ သူမပြန်ဖြေလိုက်လေတယ် : ငါကမြို့တော်မှာပဲ။

မတ်လမှာမိုးတွေရွာသွန်းနေတယ်: မြို့တော်? မြို့တော်!! မင်းအဲ့ဟာတွေရှင်းပြီးလို့ ပြန်လာတာလား???

ငါလမ်းပြင်ချင်တယ်: ငါမြို့တော်မှာရှိနေပြီး ငါ့ဟာတွေငါမရှင်းရသေးဘူး။

မတ်လမှာမိုးတွေရွာသွန်းနေတယ်: ညီအစ်ကို၊ မဟုတ်သေးဘူး၊ နတ်ဘုရား၊ မင်းညတစ်ညလောက်ဖဲ့ပေးပြီး ဒီညီငယ်လေးနဲ့ မလိုမုန်းထားသရဲကို အရင်မရှင်းလိုက်ချင်ဘူးလား???

ငါလမ်းပြင်ချင်တယ်: ဘာမှားနေလို့လဲ?

မတ်လမှာမိုးတွေရွာသွန်းနေတယ်: မမျှော်လင့်ထားတာတစ်ခုခုဖြစ်လာလို့။ မနက်ဖြန်ညလယ်မရောက်ခင် အဲဒီမလိုမုန်းထားသရဲကိုရှင်းမှဖြစ်မယ်အာ။

မနက်ဖြန်ည? စစ်တန်းလျားကနေ ခိုးထွက်ဖို့တောင် တော်တော်ပြဿနာရှိနေပြီ။ နောက်ပြီး ညလယ်ကြီးမှာ သရဲဖမ်းဖို့သွားပြီး တစ်ညထဲမှာပဲ နောက်ေနေ့လေ့ကျင့်ရေးဆင်းဖို့ အလောသုံးတယ်ပြေးရဦးမယ်။ ချန်းယုအဲ့အကြောင်းတွေးလိုက်ပြီး အဲ့တာက အချိန်မီနိုင်ရုံကပ်သီးလေးပဲလို့ ခံစားလိုက်ရလေသည်။ သူမအဲ့တာကို ငြင်းလိုက်တော့မဲ့အချိန်မှာ တစ်ဖက်

ကနေ နောက်ထပ်စာတစ်ခုပို့လာတာကိုမြင်လိုက်လေသည်။

မတ်လမှာမိုးတွေရွာသွန်းနေတယ်: နောက်ထပ် ယွမ်၂သိန်းဆိုရင်ကော ဘယ်လိုလဲ?

မတ်လမှာမိုးတွေရွာသွန်းနေတယ်: အချိန်ပြောင်းတာက မလျော်ကန်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ နတ်ဘုရား၊ ဒီညီငယ်လေးကိုကူညီပေးပါအာ။ ငါ့အဘိုးရှေ့ငါကြွားလုံးထုတ်ထားလို့ပါ။

နင်ကြွားလုံးထုတ်တာက ငါနဲ့ဘာမှမဆိုင်ဘူး ဒါပေမဲ့ အဲဒီ ယွမ်နှစ်သိန်းကိုတော့ ပေ့ါပေ့ါတန်တန်သတ်မှတ်လို့မရဘူး။ ချန်းယု သူမရိုက်ထားတဲ့စကားလုံးတွေကို ဖျက်လိုက်ပြီး ပြန်ဖြေလိုက်တယ်: ငါမနက်ဖြန်ညနေအဲ့ကိုသွားဖို့အချိန်လုပ်လိုက်မယ်။

မတ်လမှာမိုးတွေရွာသွန်းနေတယ်: ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ် နတ်ဘုရား။ ညလယ်မတိုင်ခင် အဲ့တာကို နတ်ဘုရားအပြီးသတ်နိုင်မလား??

ငါလမ်းပြင်ချင်တယ်: လိပ်စာ။

မတ်လမှာမိုးတွေရွာသွန်းနေတယ်: မြောက်ဘက်ဆင်ခြေဖုံက ရှောင်းဟန်တောင်

ချန်းယု လိပ်စာကိုစစ်ဆေးကြည့်လိုက်တော့ ဒီကနေ တော်တော်လေးဝေးလံတာကို ချန်းယုရှာတွေ့လိုက်လေသည်။ သူမသာ လော်ရီတစ်စီးရဖို့ ကံကောင်းခဲ့မယ်ဆိုရင်၊ သူမညလယ်မတိုင်ခင် ပြန်ရောက်လာနိုင်လေတယ်၊ ဒါပေမဲ့ ညလယ်မတိုင်ခင် အဲ့တာကိုအပြီးသတ်ဖို့ကတော့ အနည်းငယ်ခက်ခဲလေသည်။

ဒါပေမဲ့... တစ်နာရီခွဲလောက်ကြာသွားတာကို၊ တစ်ဖက်လူက သတိ

မထားမိလောက်ပါဘူး။ ကြက်ကန်းဆန်အိုးတိုးဆိုတဲ့စိတ်နှင့်အတူ၊ ချန်းယု စကားလုံးတစ်ခုရေးချလိုက်တယ်၊ ဖြစ်နိုင်ပါတယ်။

အမ်၊ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ အဲ့တာကမသေချာဘူး၊ ပြီးတော့ ဒါက ပြီးပြည့်စုံတဲ့အလိမ်တစ်ခုမဟုတ်လေဘူး။

မတ်လမှာမိုးတွေရွာသွန်းနေတယ်: ကြီးမြတ်တဲ့နတ်ဘုရား၊ မင်းက မင်းညီငယ်လေးရဲ့အသက်ကိုကယ်တင်ပေးလိုက်တာပဲ အာ။ အနာဂတ်မှာ မင်းလိုတာတစ်ခုခုရှိလာမယ်ဆိုရင်၊ ပြောသာပြောလိုက်၊ မင်းညီငယ်က ကူညီဖို့ တွန့်ဆုတ်နေမှာမဟုတ်ဘူး။

ငါလမ်းပြင်ချင်တယ်: မင်းငါ့ကိုဖားဖို့ကြိုးစားနေတာလား?

မတ်လမှာမိုးတွေရွာသွန်းနေတယ်: ဟီဟီဟီ...မင်းသတိထားမိတယ်ပေါ့။

ငါလမ်းပြင်ချင်တယ်: ငါသူငယ်ချင်းဖြစ်တာအတွက်နဲ့ လျော့စျေးပေးလာမှာမဟုတ်ဘူး။

ချန်းယုပြန်ပြောလိုက်လို့ပြီးသွားပြီးနောက်၊ သူမလိုင်းပေါ်ကဆင်းလိုက်ပြီး သူ့ကိုလျစ်လျူရှုလိုက်လေသည်။

မတ်လမှာမိုးတွေရွာသွန်းနေတယ်က သူစကားမဲ့သွားတာကိုဖော်ပြဖို့အတွက် အစက်အစက်ချထားတာအရှည်ကြီးကိုပို့ပေးလာလေသည်။

***

မြို့တော်ရဲ့ ပင်လယ်ကိုမျက်နှာမူနေတဲ့ ရေးခေတ်တရုတ်ပုံစံ အဆောက်အဦး၌၊ အဖြူရောင် တီရှပ်ကိုဝတ်ဆင်ထားတဲ့အမျိုးသားတစ်ဦး၊ မတ်လမှာမိုးတွေရွာသွန်းနေတယ်၊ ချန်းယုနဲ့အခုလေးတင်ပြောဆိုခဲ့တဲ့သူက၊ ပျော်ရွှင်နေတဲ့အမူအရာမျိုးနဲ့ အခန်းထဲကထွက်လျှောက်လာလေသည်။

"လျှန်ယု၊ မင်းဘယ်ကိုသွားမလို့လဲ အာ?" အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားတဲ့ ၂၇နှစ် ၂၈နှစ်လောက်ရှိမယ့် အမျိုးသားတစ်ဦးက လျှန်ယုကိုအော်လိုက်လေသည်။

"ဘေးနားတစ်ဝိုက်ဒီအတိုင်းကြည့်ကြည့်ဖို့ အပြင်ထွက်မလို့လေ" လျှန်ယု အမျိုးသားထံ အာရုံစိုက်ဖို့ ရည်ရွယ်ချက်မရှိလေဘူး။ သူအပြင်သွားမယ်ဆိုတာ သာမန်ကာလျှံသာပြန်ဖြေလိုက်ကာ၊ အမျိုးသားကိုဖြတ်ပြီး ထွက်သွားဖို့စီစဉ်လိုက်လေသည်။

"အကူတစ်ယောက်ရှာဖို့ အပြင်သွားမလို့မလား။" အမျိုးသားသရော်လိုက်လေသည်။

"အဲ့တော့ဘာဖြစ်လဲ?" လျှန်ယု စင်္ကြံလမ်းမှာရပ်နေလိုက်ပြီး အမျိုးသားကို အေးအေးစက်စက်ကြည့်လာလိုက်သည်။

"ညီလေး၊ ငါလည်းမင်းအတွက်ဒါကိုလုပ်ပေးနေတာပါ။ ရာနှစ်စုသက်တမ်းရှိတဲ့ မလိုမုန်းထားသရဲနဲ့ရင်ဆိုင်ဖို့က မလွယ်ကူဘူးလေ။ အဲ့တာကိုကြွားလုံးထုတ်ပြီး အခြားသူတွေကိုမင်းနဲ့အတူမဆွဲချလိုက်နဲ့။" အမျိုးသားက ဒီမလိုမုန်းထားသရဲနဲ့ရင်ဆိုင်တာကူညီဖို့ ကောင်းကင်ဘုံဆရာတစ်ဦး လျှန်ယုမရှာနိုင်ဘူးလို့ ယုံကြည်နေလေသည်။

"မင်းအဲ့တာအတွက်စိုးရိမ်ဖို့မလိုပါဘူး၊ ဝမ်ကွဲ။" လျှန်ယုပြန်ဖြေလာလိုက်သည်။

"လျှန်းယု၊ ငါမင်းကိုအရမ်းမသဘောမကျလှဘူးဆိုပေမဲ့လည်း၊ ငါမင်းကိုမသေစေချင်ဘူး။" အမျိုးသားမျက်မှောင်ကြုပ်လိုက်လေတယ်။ "အဲ့တာက ဒီအတိုင်း မက်မွန်သစ်သားဓားတစ်ချောင်းတင်ပါ။ အဲ့တာကို

ကိုင်တွယ်ထားလို့ ဘာအသုံးဝင်မှာမို့လဲ?"

"အဲ့တာကို ကိုင်တွယ်တာကငါ့အတွက်အသုံးမဝင်ဘူး ဒါပေမဲ့ ငါမင်းကိုတော့ အဲ့တာပေးလာမှာမဟုတ်ဘူး။" လျှန်ယု အမျိုးသားရဲ့မျက်နှာအစိမ်းရောင်ပြောင်းလာတာကိုမြင်တော့ လန်းဆန်းသွားသလိုခံစားလိုက်ရပြီး ခြံဝန်းထဲကနေထွက်လာလိုက်သည်။

လျှန်ယုက လျှန်မိသားစု၏တရားဝင်သားဖြစ်လေတယ်၊ ဒါပေမဲ့ သူက ဒီမျိုးဆက်မှာ အားအနည်းဆုံးဖြစ်လေသည်။ နှစ်၂၀ကြာကြိုးစားပြီး နောက်မှာတော့၊ သူ ရင်းမြစ်ဇေဒကနေ လူတွေကိုကူညီနိုင်ရုံမျှသာလုပ်နိုင်လေသည်။ ထပ်ပေါင်းပြောရရင် ရာစုနှစ်တစ်စု၏ရိုးရှင်းတဲ့သရဲတွေကိုသာ ကိုင်တွယ်နိုင်လေသည်။ ကျင့်ကြံရာမှာ အဆင့်မြင့်ရှိတဲ့ အကြီးအကျယ် မလိုမုန်းထားသရဲအချို့တွေနဲ့ သူတွေ့ကြုံခဲ့ရပြီး သူတို့တွေရဲ့လိုက်တာကိုခံခဲ့ရလေသည်။ သူ့ကိုအခုလေးတင်ရပ်လိုက်တဲ့အမျိုးသားက လျှန်ကွမ်၊ လျှန်ယုရဲ့ ဝမ်ကွဲအကြီးဖြစ်ပြီး လျှန်မိသားစုရဲ့ ဒီမျိုးဆက်၏ဉာဏ်ကြီးရှင်ဖြစ်လေသည်။

အစတုန်းက၊ ကျင့်ကြံတာကမှာ အနည်းငယ်နိမ့်တာက အဆင်ပြေပါသည်။ တကယ်တော့၊ အချို့လုပ်ငန်းတာဝန်ပြီးမြောက်တဲ့လူတွေမှာ နိမ့်ကျတဲ့ကျင့်ကြံမှုရှိလေသည်။ သို့သော်လည်း၊ လျှန်းယု သူ့လက်ထဲမှာ နှစ်တစ်ထောင် သစ်သားမက်မွန်ဓားရှိလေသည်။ အဆင့်မြင့်ဆုံး တာအိုလက်နက်က ဘာကောင်းကျိုးမှမရှိတဲ့ လျှန်ယုလက်ထဲကျရောက်သွားလေသည်။ လျှန်မိသားစုရဲ့ ကျန်တဲ့လူတွေက ပင်ကိုအားဖြင့် လောဘကြီးကြလေသည်။ လျှန်ယုရဲ့အဖေက သစ်သားမက်မွန်ဓားကို မတော်တဆရရှိခဲ့ပေမဲ့လည်း အဲ့တာက လျှန်ယုထံထားသွားခဲ့ရလေသည်။

လွန်ခဲ့တဲ့လဝက်လောက်က၊ ရှောင်းဟန်တောင်၏ မြောက်ဘက်

ဆင်ခြေဖုံးဒေသဆီ လျှန်ကွမ်ကို "ရှင်းလင်းရေး" လုပ်ရန် အဘိုကြီးလျှန်က သွားဖို့မေးလာခဲ့လေသည်။ အဲ့တာက အဘိုကြီးလျှန်ရဲ့မိတ်ဆွေ၊ ဆရာမော်ဆိုတာကို လျှန်ယုသိလေတယ်၊ အဲဒီနေရာကို"ရှင်းလင်း" ပေးဖို့ ဆရာမော်က သီးသန့်တောင်းဆိုလာခဲ့တာဖြစ်လေသည်။ တစ်လကြာပြီးနောက် အဲ့နေရာကို အလွန်အရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ဦး လာနေလိမ့်မယ်လို့ ပြောလာလေပြီး မကောင်းမှုစွမ်းအားအကြွင်းအကျန် ၁၀၀% မကျန်ရှိနေအောင်တာဝန်ယူဖို့ လိုအပ်လေသည်။

လျှန်ကွမ် ရှောင်းဟန်တောင်ကို သွားခဲ့လေတယ် ဒါပေမဲ့ အဲ့တာက ရှတ်တရက်ကြီး ရာနှစ်စုတစ်စုရှိတဲ့ မလိုမုန်းထားသရဲတစ်ကောင်ဖြစ်နေလေသည်။ မလိုမုန်းထားသရဲနဲ့တိုက်ခိုက်ပြီးနောက်၊ လျှန်ကွမ်အနိုင်မယူနိုင်လေဘူး။ သူပြန်ရောက်လာတော့၊ သူက အဘိုအိုလျှန်ကိုပြောလာလိုက်တယ်၊ "အဲဒီမလိုမုန်းထားသရဲက တော်တော်အားကောင်းလွန်းလို့ လျှန်ယုရဲ့သစ်သားမက်မွန်ဓားကို ငှားဖို့လိုတယ်" လို့သူပြောလာလေသည်။

သူအဲ့တာကိုငှားယူမယ်လို့ပြောနေပေမဲ့၊ တကယ်တမ်းမှာတော့၊ အဲ့တာကိုယူသွားဖို့အကြောင်းပြချက်ပေးတာသာဖြစ်လေသည်။ အဘိုကြီးလျှန်ကလည်း အဲ့တာကိုလျှန်ကွမ်ပေးတာက သစ်သားမက်မွန်ဓားကို အသုံးချဖို့အကောင်းဆုံးနည်းလို့ တွေးထင်လေသည်။ ဒါပေမဲ့ လျှန်ယုကဘယ်လိုလုပ်ပေးချင်မှာလဲ၊ သူငယ်ငယ်ကတည်းကမှ သူ့ဝမ်းကွဲကိုသူအမုန်းဆုံးဖြစ်လေသည်။ ဒီတော့၊ သစ်သားမက်မွန်ဓားကိုထိန်းထားနိုင်ဖို့အတွက်၊ သူမလိုမုန်းထားသရဲကိုရှင်းပေးမယ်လို့ သွေးပူနေတဲ့လျှန်ယုက ပြောချလာလိုက်သည်။

ဒါပေမဲ့ သူမှာလုပ်နိုင်စွမ်းမရှိနေလေဘူး။ အဲဒီအချိန်မှာပဲ၊ သူအင်တာနက်ပေါ်က နတ်ဘုရားသစ်ကိုတွေးမိသွားလေတယ်၊ မြေအောက်

လောကဂိတ်တံခါးကိုဖွင့်ပေးနိုင်တဲ့ "ငါလမ်းပြင်ချင်တယ်" ဖြစ်လေသည်။ ဒီတော့ သူ့ကိုဆက်သွယ်လိုက်ပြီး၊ တစ်လကြာပြီးနောက် နှင်မယ့်ကိစ္စကို အဆုံးသတ်မှာဖြစ်လေသည်။ ဒါပေမဲ့ ကံမကောင်းစွာနဲ့၊ အရေးကြီးတဲ့ ပုဂ္ဂိုလ်က ရက်ချိန်ထားတာကို ရုတ်တရက်ပြောင်းလာလေတယ်၊ မနက်ဖြန် ညကျရင် သူအဲ့မှာနေမယ်လို့ အရိပ်အယောင်ပြလာလေသည်။

လျှန်ယုအဲ့တာကိုမကူညီနိုင်တော့လေဘူး။ သူကိုယ်တိုင် မလိုမုန်းထားသရဲကို မရိုက်ထုတ်နိုင်လေဘူး။ သူအင်တာနက်ကိုအသုံးပြု ပြီး "ငါလမ်းပြင်ချင်တယ်"ဆီသာသွားနိုင်တော့လေသည်။ ထို့နောက် နတ်ဘုရားသာမဖြစ်နိုင်ဘူးဆိုရင်၊ လျှန်ကွမ်ကို သစ်သားမက်မွန်ဓားပေးလိုက်မယ်လို့ သူတွေးလိုက်လေသည်။ အဆုံးမှာတော့၊ မှော်လက်နက်တွေက လူတစ်ယောက်၏ဘဝလောက် အရေးမပါလေဘူး။ ကံကောင်းစွာနဲ့၊ သူ့မှာ ကံကြမ္မာကောင်းလေရှိလေသည်။ နတ်ဘုရားကအွန်လိုင်းပေါ်ရှိနေပြီး သဘောတူလာလေသည်။

ဒီတော့ အခုလေးတင်၊ သူအမုန်းဆုံးလူ၊ လျှန်ကွမ်ရဲ့ရှေ့မှာ သူ အားအင်အပြည့် မတ်မတ်ရပ်နိုင်သွားလေတော့သည်။

***

လော့မိသားစုရဲ့ခြံဝန်းအတွင်း၊ လော့မင်၊ အရေးကြီးတဲ့ပုဂ္ဂိုလ်က၊ မြို့တော်တက္ကသိုလ်ရဲ့ ကျောင်းအုပ်နဲ့ဖုန်းပြောနေတာဖြစ်လေသည်။

"ဟုတ်ကဲ့၊ အချိန်ကအဆင်ပြေပါတယ်။ သောကြာနေ့မှာ လုပ်လိုက်ကြရအောင်။" လော့မင်ခေါင်းညိတ်လိုက်လေသည်။

"ငါအချိန်ရုတ်တရက်ကြီးပြောင်းလိုက်ရတဲ့အတွက် ငါတကယ်ပဲ တောင်းပန်ပါတယ်။" ကျောင်းအုပ်ကတောင်းပန်လာလေတယ်၊ "နောက်တစ်ပတ်ထဲ Mနိုင်ငံမှာ ပညာသင်နှစ်ညှိနှိုင်းရေးတစ်ခု တက်ရောက်ရမှာ

ကြောင့်ပါ။ အဲ့တာကနေ ငါပြန်လာဖို့ တစ်လလအချိန်ယူရလိမ့်မယ် ပြီးတော့ ငါမင်းရဲ့သင်ကြားပို့သတာကိုလည်း တကယ်ကြီးမလွဲသွားချင်ဘူး။"

"ကျောင်းအုပ် အရမ်းအားနာနေတာပဲ။ ကျွန်တော်သင်ကြားပို့သတာကို ကျောင်းအုပ်လာနားထောင်တာက ဂုဏ်ယူစရာတစ်ခုပါ။" လော့မင် နှိမ့်နှိမ့်ချချပြောလာလိုက်သည်။

"ငါ့ကိုအဲဒီလိုမပြောပါနဲ့။ မင်းအောင်မြင်မှုတွေကို ငါသိပါတယ်။" ကျောင်းအုပ်ထပ်မေးလာလိုက်ပြန်တယ် "မနက်ဖြန်အတွက် ဟောပြောချက်အတွက် အဆင်သင့်ဖြစ်ပြီလား?"

လော့မင် ကွန်ပျူတာပေါ်က စာကိုကြည့်လိုက်တယ် : "ပြီးခါနီးပါပြီ။ မနက်ဖြန်ဆို ကျွန်တော်ပြီးပြီ။"

"အိုကေ၊ ဒါဆို ငါမင်းကိုမနှောက်ယှက်တော့ဘူး။ မင်းဟောပြောချက် မြန်မြန်ပြီးမှဖြစ်မယ်။" ကျောင်းအုပ်ပြောပြီးနောက် ဖုန်းကိုချလိုက်လေသည်။

လော့မင်ပြုံးလိုက်ပြီး သူ့ဖုန်းကိုဘေးကိုချလိုက်လေသည်။ သူကိုယ်ကိုလှည့်လိုက်ပြီး သူနောက်ကစာအုပ်စင်ကနေ မှိုင်းမြိမ်းယူလို့ရမယ့် စာအုပ်ငါးအုပ် ခြောက်အုပ်လောက် ယူလိုက်လေသည်။ မနက်ဖြန် ရှောင်းဟန်တောင်မှာရှိတဲ့ villa ကို အဲ့တာတွေယူသွားဖို့စီစဉ်လိုက်လေသည်။

"တတိယသခင်လေး" ဟဲကျီပြောလာလိုက်သည်။ သူ အရင်လက်ထောက်နဲ့ ပြောင်းလိုက်လေပြီး သူတို့အတူတူလေ့လာဖို့လျှောက်သွားလိုက်လေသည်။

လော့မင်ရဲ့မကောင်းမှုဝိညာဉတွေ သက်ရောက်တာကနေ ရှောင်တိမ်းဖို့၊ ဝန်ကြီးချုပ်လော့က လော့မင်ကို လက်ထောက်ခုနှစ်ယောက်

ထောက်ပံ့ပေးလာလေသည်။ သူတို့တွေက တစ်ယောက်ကိုတစ်ပတ်စီ အလုပ်လုပ်ကြကာ သူတို့နားချိန်တွေကို မကောင်းမှုဝိညာဉ်နဲ့အနေနီးတာကနေဖြစ်လာနိုင်တဲ့ဟာတွေကို ရှင်းလင်းဖို့အသုံးချကြလေသည်။

"ပြန်လာပြီလား?" လော့မင်ဟဲကျီအား ချန်းယုရဲ့အဘိုးကိုရှာဖို့ တစ်စုံတစ်ယောက်ကိုပို့ခိုင်းလိုက်တာဖြစ်လေသည်။ သူတို့ပို့လိုက်တဲ့လူက သူ့ကိုမရှာဖွေနိုင်လေဘူး၊ ဒီတော့ တစ်ပတ်လောက်က ဟဲကျီကိုယ်တိုင်အဲ့နေရာကိုသွားခဲ့လေသည်။

"ဟုတ်ကဲ့။" ဒီကိစ္စကို ဝန်ကြီးချုပ်လော့သိသွားလို့မဖြစ်လေဘူး၊ ဟဲကျီမတင်ပြသေးဘဲ ဒီနေ့လူလဲတဲ့အချိန်ကိုစောင့်နေလေသည်။ "ကျွန်တော်ကိုယ်တိုင် တာမူရွာကိုသွားခဲ့ပါတယ်။ အဲ့ရွာမှာ ဂူလောင်မရှိတော့ဘူးဆိုတာ အမှန်ပါပဲ။"

"မရှိတော့ဘူး?" လော့မင်သိချင်သွားလေသည်။ "တာမူရွာမှာ ရာစုနှစ်တစ်စုစာလောက်နေခဲ့တဲ့ အမျိုးသားက ငါတို့သူ့ကိုရှာဖွေတဲ့အချိန်မှ ဘာကြောင့်ရုတ်တရက်ပျောက်သွားရတာလဲ?"

"ရွာသူကြီးပြောတာတော့၊ 'ဂူလောင်က သူခရီးသွားချင်တယ်လို့ပြောတာအတော်ကြာပြီတဲ့ ဒါပေမဲ့ ချန်းယုကကျောင်းတက်နေတုန်းပဲရှိသေးတယ်၊ သူစိတ်မချတာကြောင့် စောင့်နေတာတဲ့။ တာမူရွာကနေ ချန်းယုထွက်သွားတော့၊ ဂူလောင် သိမ်းဆည်ပြီး နှစ်ရက်အတွင်းထွက်သွားတာတဲ့၊ ဒါပေမဲ့ ကျွန်တော်ကတော့ဒါအတော်ထူးဆန်းတယ်လို့ထင်တယ်။"

"နောက်ပိုင်း ဘူတာရုံကို လက်မှတ်အချက်အလက်တွေ စစ်ဆေးဖို့သွားတော့ ဂူလောင်ရဲ့အချက်အလက်ဘာတစ်ခုမှမရှိဘူး။" ဟဲကျီပြောလာလိုက်တယ်၊ "မနက်ဖြန်ကျရင် ကျွန်တော် ကျေးလက်ဒေသကလူတွေကို..."

"မလိုဘူး။" လော့မင် စားပွဲပေါ်ကို နောက်ဆုံးစာအုပ်ထားလိုက်ပြီး ပြောလာလိုက်တယ်၊ "ကိုယ်ရေးအချက်အလက်ကလည်း အတုပဲဖြစ်နိုင်တယ်။ မင်းမှာပုံတစ်ပုံတောင်မရှိတာ၊ ဒီတော့ စုံစမ်းစစ်ဆေးမှာလဲ?"

"ကျွန်တော်..." ဟဲကျီအချိန်အနည်းငယ်လောက် မှင်သက်သွားလေသည်။ အမှန်ပဲ၊ တာမူရွာမှာ ဂူလောင်ရဲ့ပုံမရှိလေဘူး။ ပြီးတော့ ပြည်သူ့လုံခြုံရေးစနစ်ကပုံတွေအားလုံးကလည်း ဆယ်စုနှစ်အလွန်ကဖြစ်တာကြောင့် သူ့ရဲ့လက်ရှိရုပ်ရှည်နဲ့ကွာခြားနိုင်လေသည်။ ထပ်ရှိသေးတာက၊ အထောက်အထားကလည်း အတုဖြစ်နိုင်လေသည်။

"ဒီစာအုပ်တွေကိုထုတ်ပိုးလိုက်ပြီး မနက်ဖြန် ရှောင်းဟန်တောင်ကို ဒါတွေယူသွားလိုက်" လော့မင် ဂူလောင်ရဲ့အခြေအနေအကြောင်း မေးချင်ရုံသာဖြစ်လေသည်။ အဲ့တာက ဖြစ်မြောက်ဖို့လိုအပ်တဲ့ ပန်းတိုင်တစ်ခုမဟုတ်လေဘူး။ သူ့ကိုမင်းမရှာနိုင်ဘူးဆိုရင်၊ ဒါဆိုလည်း မင်းသူ့ကိုမရှာနိုင်ဘူးပေါ့။

***